မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 13 , 2025 — Volume 87, Number 8

၁၃.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၇.၆၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၈၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၁.၉၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၇.၀၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၈ ကျပ် |

Source: CBM Rate, etrademyanmar.com

# ခါကျက်ဥများ ဈေးကောင်းရသောကြောင့် တစ်ဧကငွေကျပ် သိန်း ၁၂၀ ခန့် အကျိုးအမြတ်ရနေ



ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ခင်းများတွင်စိုက်ပျိုးသည့် ခါကျက်ဥများ ဈေးကောင်းရရှိလာရာတစ်ပိဿာလျှင်ငွေကျပ် ၁၅၀၀ ကျော်ထိ ပေါက်ဈေးရှိနေကြောင်း ခါကျက်ဥစိုက်တောင်သူများထံက သိရသည်။

ပြင်ဦးလွင်ဒေသတွင် ကိုရီးယားခါကျက်ဥ F1 မျိုးကို တစ်ဧက တစ်ကီလိုနှုန်းဖြင့် စိုက်ပျိုးပြီး မျိုးတစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းဝန်းကျင်ခန့် ကုန်ကျသည်။

ခါကျက်ဥတစ်ဧကစိုက်ပျိုးစရိတ်၊ သွင်းအားစု၊ မျိုး၊ စိုက်ပျိုးစရိတ်ပေါင်း ငွေကျပ်သိန်း ၃၀ ခန့်ကုန်ကျကြောင်းနှင့် ခါကျက်ဥကုန်ချိန် ၁၀,၀၀၀ ခန့်ထွက်ရှိကြောင်း တောင်သူများထံက သိရသည်။

ပြင်ဦးလွင်ဒေသရှိတောင်သူများမှာဒေသမျိုးအပြင်အထွက်နှုန်းကောင်းသည့် ကိုရီးယားခါကျက်ဥများကို စိုက်ပျိုးရာ တစ်ဧကလျှင် ကုန်ချိန် ၈၀၀၀-၁၅,၀၀၀ ထိထွက်ရှိကြောင်း ပျမ်းမျှ တစ်ဧကကုန်ချိန် ၁၀,၀၀၀ ခန့် ထွက်ရှိကြောင်း လက်ရှိ ခါကျက်ဥတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ခန့်ပေါက်ဈေးမှာဈေးကျဆင်းနေသော်လည်း တောင်သူများအတွက်တစ်ဧကလျှင် ငွေကျပ် သိန်း ၁၂၀ အကျိုးအမြတ် ရှိကြောင်း စိုက်ပျိုးကာလမှာ ဆောင်းရာသီစိုက်သီးနှံဖြစ်ပြီး အောက်တိုဘာလမှဖေဖော်ဝါရီလအတွင်း စိုက်ပျိုးရန်အကောင်းဆုံးဖြစ်ကြောင်း ခါကျက်ဥစိုက်တောင်သူတစ်ဦးကပြောသည်။

" ခါကျက်ဥကိုရီးယားမျိုးက တစ်ကီလို ငွေကျပ် ၁၀ သိန်းလောက်ပေးဝယ်စိုက်ပျိုးရပါတယ်။ ဆောင်းစိုက်အတွက် အောက်တိုဘာလကနေ ဖေဖော်ဝါရီလကြားမှာ အဓိကစိုက်ပါတယ်။ကိုရီးယားမျိုးကကုန်ချိန်အထွက်နှုန်းလည်းကောင်းတော့ ဈေးကွက်ဈေးကျဆင်းချိန်တောင် အမြတ်ကျန်ပါတယ်။ ဒီနှစ် ခါကျက်ဥတစ်ပိဿာငွေကျပ် ၁၅၀၀ ပေါက်ဈေးရှိပါတယ်

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

စိုက်ပျိုးချိန်ရက် ၁၀၀-၁၂၀ လောက် စိုက်ပျိုးပြီး တစ်ကေငွေကျပ် သိန်း ၁၂၀ လောက် ကျန်ပါတယ်" ဟု ၎င်းကပြောသည်။

ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ခါကျက်ဥများကိုမြန်မာတစ်နိုင်ငံလုံးသို့တင်ပို့ရောင်းချလျက်ရှိပြီး တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံမှ ခါကျက်ဥများတင်သွင်းမှုမရှိသောကြောင့် ပြည်တွင်းဈေးကွက်တွင်မျိုးဈေးကြီးမြင့်သလို အကျိုးအမြတ်ကောင်းကောင်းရရှိသည့် သီးနှံအမည်တစ်မျိုးဖြစ်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## မန္တလေး ပဲဈေးကွက်အတွင်း ကုလားပဲအသစ်များလှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်လျက်ရှိ



မန္တလေးပဲဈေးကွက်အတွင်း ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်း၊ မြင်းမူနှင့် မုံရွာစသည့်ဒေသများမှ စိုက်ပျိုးထွက်ရှိသော ကုလားပဲအသစ်များ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်း၌ ကုလားပဲစိုက်ပျိုးရာတွင် မြန်မာမျိုးရင်းများအပြင် ပြည်ပမျိုးများဖြစ်သော V2 ၊ V7 ၊ 929 နှင့် မြကြေးမုံစသည့် ကုလားပဲမျိုးများကို စိုက်ပျိုးကြပြီး လက်ရှိတွင် မန္တလေးပဲဈေးကွက်၌ ပဲအမျိုးအစားနှင့်အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

"ဒီနှစ်ကုလားပဲစိုက်ပျိုးချိန်မှာ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းပြီး တောင်သူတွေကလည်း ကြိုးစားစိုက်ပျိုးခဲ့တဲ့အတွက် ပြီးခဲ့တဲ့နှစ်ကထက် ကုလားပဲအထွက်နှုန်းပိုပြီးကောင်းလာနိုင်ပါတယ်။ဈေးနှုန်းအနေနဲ့ကလည်း ပြီးခဲ့တဲ့နှစ်ကထက် ဈေးကွက်အလားအလာကောင်းတဲ့နှစ်ဖြစ်ပါတယ်"ဟု မန္တလေးမြို့ရှိ ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ကုလားပဲသည် စားသုံးသူများ၏ ကျန်းမာရေးကိုများစွာအထောက်အကူပြုသော ပဲအမျိုးအစားဖြစ်သောကြောင့် ပြည်တွင်း၌ စားသုံးမှုများပြားသည့်အပြင် ပြည်ပနိုင်ငံတို့သို့လည်း တင်ပို့နေရသည့် အတွက် နိုင်ငံခြားဝင်ငွေရရှိသော ပဲတစ်မျိုးဖြစ်သည်။

ထိုသို့ပြည်တွင်း၊ပြည်ပဈေးကွက်ရှိသောကုလားပဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြသည်။

မန္တလေးပဲဈေးကွက်သို့ ဝင်ရောက်လာသည့်ကုလားပဲအသစ်များအရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာပြီးဒေသဈေးကွက်အတွင်း ပဲမျိုးစုံဈေးနှုန်းများတည်ငြိမ်ကျဆင်းလာမည်ဖြစ်ကာဒေသခံများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်သည်။

ကုလားပဲသည်တစ်နှစ်လျှင်တစ်ရာသီသာ စိုက်ပျိုးထွက်ရှိသောသီးနှံဖြစ်ပြီး ပြည်တွင်းမှစိုက်ပျိုးထွက်ရှိသည့် ကုလားပဲများအနက် V2 နှင့် 929ကုလားပဲတို့ကိုပြည်တွင်း၌စားသုံးမှုများပြီးပြည်ပသို့တင်ပို့ရာတွင် V7 ကုလားပဲကို အများဆုံးတင်ပို့ကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ခရမ်းသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှစီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ခရမ်းသီးသည် ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အချိန်တွင် ခရမ်းသီးများကို စတင်ခူးဆွတ်ရောင်းချရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်ပြီး ပျိုးပင်တစ်လခွဲသားအရွယ်တွင် ပေါင်

ခတ်၍ အတန်းလိုက်စိုက်ပျိုးရကြောင်း၊ တစ်ကေလျှင် ငွေကျပ် ၈၀၀,၀၀၀-၈၅၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ခရမ်းသီးများကို တစ်ပတ်ခြားတစ်ကြိမ် ခူးဆွတ်လျက်ရှိရာ ခရမ်းသီးကုန်ချိန်အထိ ၁၂ ပတ်ခန့် ခူးဆွတ်ရပြီး တစ်ကေလျှင် ပိဿာချိန် ၂၀၀၀-၂၂၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအထိလာရောက်ဝယ်ယူကြပြီးပွဲစားများမှတစ်ဆင့် မန္တလေး၊နေပြည်တော်နှင့်ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ခရမ်းသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိသည့်အတွက် တောင်သူများအဆင်ပြေလျက်ရှိကြောင်း ခရမ်းသီးစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ စံပယ်ပင်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိကာ အဆင်ပြေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လပ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကြယ်တာရာပန်း၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ ဆူပါကျောက်စိမ်းစသည့်ပန်းများအပြင်နှစ်ရှည်ပင်ဖြစ်သော စံပယ်ပင်များကိုလည်း အများအပြားစိုက်ပျိုးကြကြောင်း၊ စံပယ်ပင်ကို မိသားစု အပိုဝင်ငွေရရှိရန်အတွက်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

စံပယ်ပင်ကို မိုးတွင်းကာလများတွင် စိုက်ပျိုးပြီးငါးလခန့်အကြာတွင် စံပယ်ပန်းများခူးဆွတ်ရရှိကြောင်း၊စိုက်ပျိုးမှုအနေဖြင့် စံပယ်ပန်းအကိုင်းများကိုခုတ်ယူပြီး ပေါင်ခတ်၍ အတန်းလိုက်စိုက်ပျိုးရကြောင်း၊ စံပယ်ပန်းများသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ထွက်ရှိပြီး ဆောင်းရာသီတွင် အထွက်နှုန်းနည်းပါး၍ နွေရာသီနှင့် မိုးရာသီများတွင် အထွက်နှုန်းနည်းပါးကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ငွေကျပ် ၄၅၀,၀၀၀ ခန့် ကုန်ကျပြီး တစ်ကေအတွက် တစ်လလျှင် စံပယ်ပန်းပိဿာချိန် ၁၅၀-၂၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပန်းပွဲစားများက စိုက်ခင်းသို့လာရောက်ဝယ်ယူကြပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ စံပယ်ပန်းသည် နှစ်ရှည်ပင်ဖြစ်ပြီး လစဉ်ဝင်ငွေရရှိသောကြောင့် တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်း ပြည်ပပို့ကုန်ဖြစ်သည့် ငရုတ်သီး ၆၆၆၁ ကေ စိုက်ပျိုးထားရှိ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လပ်ကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပြည်ပပို့ကုန်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးကို စိုက်ပျိုးလျက်ရှိကြောင်း၊ မအူပင်ခရိုင်အတွင်း ငရုတ်သီးစိုက်ပျိုးမှုအနေဖြင့် စိုက်ကေပေါင်း ၆၆၆၁ ကေရှိကြောင်း သိရသည်။

ငရုတ်သီးကို အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့်မတ်လများတွင် ထွက်ရှိကြောင်း၊ မျိုးအနေဖြင့် မနီကမ်းတံဆိပ်ငရုတ်အမှည့်စိမ်းမျိုးများကို တစ်ကေလျှင် မျိုးထုပ် ၂၂ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ မျိုးစေ့များကိုပျိုးထောင်ပြီး ၁၀ ရက် သားအရွယ်တွင် မြေချ၍ အတန်းလိုက် စနစ်တကျ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ငွေကျပ် ၃၀ သိန်းခန့်ကုန်ကျပြီး ငရုတ်သီး ပိဿာချိန် ၃၂၀၀-၃၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် တောင်သူများကမအူပင်မြို့နယ်ချောင်းကြီးကျေးရွာနှင့်ရေလဲကျေးရွာရှိငရုတ်သီးဒိုင်သို့ တင်ပို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချ၍ ရန်ကုန်မှတစ်ဆင့် ပြည်ပသို့တင်ပို့ကြောင်း၊ ငရုတ်သီးစိုက်တောင်သူများ

သည်  ပြည်ပဈေးကွက်ဝင်ငရုတ်အမှည့်စိမ်းမျိုးများကိုစိုက်ပျိုးခြင်းဖြင့်ငရုတ်သီးဈေးနှုန်းကောင်းမွန်သောကြောင့်အကျိုးအမြတ်များ ပိုမိုရရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ဆီနီဂေါ၏ ရေနံစိမ်းထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်အတွက်စည်ပေါင်း ၃၀ ဒသမ ၅၃ သန်းရှိမည်ဟု ခန့်မှန်းထားကြ



ဆီနီဂေါနိုင်ငံ၏ စွမ်းအင်၊ရေနံနှင့်သတ္တုတွင်းဝန်ကြီးဌာနက Sangomar နယ်ပယ်မှရေနံစိမ်း ထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် စည်ပေါင်း ၃၀ ဒသမ ၅၃ သန်းအထိရှိလာမည်ဟု မျှော်မှန်းထားကြောင်း ဖေဖော်ဝါရီ ၆ ရက်နေ့တွင်ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်တွင် ခန့်မှန်းထားသော ရေနံစိမ်း ထုတ်လုပ်မှုမှာ စည်ပေါင်း ၁၀၀,၀၀၀ ထားရှိရန် ရည်မှန်းထားကြောင်း ဝန်ကြီးဌာနက Sangomar field ၏ထုတ်လုပ်မှုအစီအရင်ခံစာတွင်ဖော်ပြထားသည်။

အစီအရင်ခံစာအရ ၂၀၂၅ ခုနှစ်ဇန်နဝါရီလတွင် Sangomar တွင်စုစုပေါင်းရေနံစိမ်းထုတ်လုပ်မှုသည် စည်ပေါင်း ၃ ဒသမ ၁၁ သန်းရှိခဲ့သည်။

ထိုကာလအတောအတွင်း စုစုပေါင်းစည်ပေါင်း ၂ ဒသမ ၈၉ သန်းတင်ပို့ခဲ့ပြီး နိုင်ငံတကာဈေးကွက်တွင်ရောင်းချခဲ့ကြောင်း သိရသည်။

ကမ်းလွန်ပင်လယ်ပြင်ကီလိုမီတာ ၁၀၀ ခန့် အကွာတွင်တည်ရှိသော Sangomar field သည်ပြီးခဲ့သောနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ရေနံထုတ်ယူမှုစတင်သော ဩစတြေးလျကုမ္ပဏီ Woodside Energy မှ လည်ပတ်လျက်ရှိသည်။

Source : DOCA(ရန်ကုန်)

https://www.doca.gov.mm/

## ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုကဏ္ဍမှ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ၁၅ ဘီလီယံ စံချိန်တင်ရရှိ

၂၀၂၄ ခုနှစ်အတွင်း ဒူးရင်းတင်ပို့ရောင်းချမှုသည် ကမ္ဘာ့ဈေးကွက်အတွင်း ဝင်ရောက်မှုတိုးမြင့်လာခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇ ဒသမ၁၅ ဘီလီယံအထိရောက်ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်တွင် ဒူးရင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံနီးပါးရှိခဲ့ပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှု စုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းနီးပါးရှိကြောင်းဖော်ပြထားသည်။

Vina T&T Group ၏ CEO ဖြစ်သူ Dinh Tung က ၎င်းတို့ကုမ္ပဏီအနေဖြင့် လစဉ်ဒူးရင်းတန်ချိန် ၃၂၀ ခန့်နှင့် အုန်းသီးတန်ချိန် ၃၅၀ နီးပါးတင်ပို့ခဲ့ကြောင်း၊ ထို့ပြင် နဂါးမောက်သီး ကွန်တိန်နာ ၇ ခုမှ ၉ ခု ၊ ကြက်မောက်သီး ကွန်တိန်နာ ၃ ခုမှ ၄ ခု (ကွန်တိန်နာတစ်ခုတွင် ၁၆ တန် နီးပါးရှိကြောင်း) ဖြင့် ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ် အစောပိုင်းပို့ကုန်အမှာစာများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များသည်တရုတ်နိုင်ငံ၏ဒူးရင်းဝယ်လိုအားတိုးမြင့်လာခြင်း၊အုန်းသီး၊လေချူသီး(သို့)ကြက်မောက်သီး၊ ကျွဲကောသီး၊သရက်သီးကဲ့သို့သောတန်ဖိုးမြင့်သစ်သီးများတင်ပို့မှုတိုးလာခြင်းကြောင့်ဝင်ငွေများတိုးတက်လာခဲ့သည်။

Vina T&T သည် ၂၀၂၄ ခုနှစ်တွင် ဝင်ငွေ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၈ သန်း) စံချိန်တင်ရရှိခဲ့ပြီး ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းတိုးလာခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာန၏အဆိုအရ ဗီယက်နမ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံတင်ပို့မှုသည် ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၈၁ ဘီလီယံအထိမြင့်တက်ခဲ့သော်လည်း ၂၀၂၀ ခုနှစ်တွင် ၃ ဒသမ၂၆ ဘီလီယံနှင့် ၂၀၂၂ ခုနှစ်တွင် ၃ ဒသမ၃၆ ဘီလီယံ

TIR

အထိ ကျဆင်းသွားကြောင်း သိရသည်။

သို့ရာတွင်အဆိုပါကဏ္ဍသည် ၂၀၂၃ ခုနှစ်တွင် ပြန်လည်ကောင်းမွန်လာပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံအထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၄ခုနှစ်တွင်ပို့ကုန်ပမာဏသည်အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၅ ဘီလီယံအထိ မြင့်တက်လာပြီး ၂၀၁၈ ခုနှစ်ကိန်းဂဏန်းထက် နှစ်ဆနီးပါးရောက်ရှိခဲ့ကြောင်းဖော်ပြထားပါသည်။

**Source : စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့**

https://myantrade.gov.mm/

## သွင်းကုန်ခွန်သည် အမေရိကန်စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အာမခံကြေးကို မြင့်တက်နိုင်စေ

အမေရိကန်သမ္မတ၏ သွင်းကုန်ခွန်ကောက်ခံမှုကြောင့် အာမခံပရီမီယံကြေးများမြင့်တက်လာနိုင်သည်ဟု အာမခံလုပ်ငန်းများလုပ်ငန်းများကသတိပေးပြောကြားလျက်ရှိကြောင်း၊မော်တော်ယာဉ်တင်သွင်းမှုသည် ရှုပ်ထွေးသည့် အပြည်ပြည်ဆိုင်ရာကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်ကို အသုံးပြုရရာ မော်တော်ယာဉ်တစ်စီးလျှင် အာမခံပရီမီယံကြေး အမေရိကန်ဒေါ်လာ ၃,၀၀၀ အထိ မြင့်တက်လာနိုင်သည်ဟု American Property Casualty Insurance Association က ပြောကြားခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှုကြောင့် အာမခံကုမ္ပဏီများသည် မော်တော်ယာဉ်၊စီးပွားရေးလုပ်ငန်းများနှင့် နေအိမ်ပြင်ဆင်စရိတ်များကို တိုးမြှင့်ပေးလာကြရရာ သွင်းကုန်ခွန်ကြောင့်စရိတ်များ မြင့်တက်လာပါက ယင်းစရိတ်များကို စားသုံးသူများက ကျခံလာရနိုင်ကြောင်း၊ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များအပါအဝင် ကူးသန်းရောင်းဝယ်ရေးသုံးမော်တော်ယာဉ်များ၏ အာမခံလုပ်ငန်းများကိုပါ ထိခိုက်နိုင်ကြောင်း၊ အမေရိကန်နိုင်ငံတွင်ထုတ်လုပ်သည့် မော်တော်ယာဉ်အစိတ်အပိုင်းများ၏ ၅၅ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းသည် မက္ကဆီကို၊ ကနေဒါ သို့မဟုတ် တရုတ်နိုင်ငံမှ တင်သွင်းလျက်ရှိရာ မော်တော်ယာဉ်အာမခံလုပ်ငန်းအများစုသည် ဈေးနှုန်းမြင့်မားသည့်အကျိုးဆက်ကို ကြုံတွေ့ရနိုင်ကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ**

https://myantrade.gov.mm/

## STOCK EXCHANGE (13.2.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,366 (Shares) | 23,039,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,700 | +200 | +2.67% | 7,500 | 7,700 | 7,500 | 1,741 | 13,287,400 | 33,109,694 | 254,945 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,050 | 3,050 | 3,000 | 118 | 357,650 | 38,929,150 | 116,788 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 11 | 19,800 | 29,664,613 | 53,396 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 0 | 0 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,266 | 2,042,650 | 19,977,223 | 32,962 |
| AMATA | 00007 | 3,850 | +0 | +0.00% | 3,800 | 3,850 | 3,800 | 590 | 2,246,500 | 10,497,598 | 40,416 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,200 | 3,200 | 3,100 | 1,640 | 5,085,200 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.02 | +3.11 | +0.85% | 368.37 | 371.42 | 367.10 | 5,366 | 23,039,200 | 8 | 699,815 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 5,483 (Shares) | 23,390,200 (MMK) |

## Main Board

As of 1:00 pm, 6th Feb. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,366 (Shares) | 23,039,200 (MMK) |

| MYANPIX | 371.02 ▲ 3.11 |
|---|---|
| Total Volume (shares) | 5,366 |
| Total Value (MMK) | 23 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,815 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,700 | ▲ 200 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,850 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 50 |